# ကြေငြာစာ

# အမှတ်စဉ် ၉ / ၂၅၅၄

# အလုပ်သမားနှင့်ပတ်ဝန်းကျင်အားတာဝန်ယူဖြေရှင်းမှု

OKF ကုမ္ပဏီသတ်မှတ်ရည်ရွယ်ချက်မြင့်မားလာမှုအနေဖြင့်အလုပ်သမားတို့၏အန္တရာယ်ကင်းရှင်းရေး၊ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကောင်းမွန်မှုတို့ကြောင့်အလုပ်သမားတို့၏ ဘေးအန္တရာယ်ကင်းရှင်းနိုင်မှုပိုင်းဆိုင်ရာ တိုးတက်လာမှုဖြင့် တရားနည်းလမ်းကျသော တာဝန်ဝတ္တရားများဆောင်ရွက်လာနိုင်ခြင်းဖြစ်သည်။ ထိုအကြောင်းတို့အပေါ် အခြေခံ၍တာဝန်ရှိသူများမှ အဆက်မပြတ်တာဝန်ယူထိန်သိမ်းလာမှုတို့ကြောင့်ကုမ္ပဏီမှ BSCI ၏တဆင့်တိုး နည်းလမ်းများကို အသုံးပြုတော့မည်ဖြစ်သည်။

၁။ အလုပ်သမားရေးရာနှင့်ဆိုင်သောကိစ္စရပ်များနှင့် ချမှတ်ထားသောစည်းမျဉ်းဥပဒေများအပြင် အလုပ်သမားတို့နှင့်ဆိုင်သောအခ်ိအချက်အလက်တို့အား ကုမ္ပဏီမှအရေးယူဆောင်ရွက်ပြုလုပ်ပေးသွားမည်ဖြစ်သည်။

၂။BSCI ၏ ချမှတ်ထားသောအလုပ်သမားများမှတောင်းဆိုချက်၊အလုပ်သမားတို့၏ လိုအပ်ချက်များကို အလုပ်သမားတို့နှင့် သေချာစွာဆွေးနွေးတိုင်ပင်ပြီး လိုအပ်သည်များကို အဆင့်ဆင့်တာဝန်ယူဖြေရှင်းပေးသွားမည်ဖြစ်ပါသည်။

၃။အလုပ်သမားတို့၏ 'အိမ်ထောင်ရေး၊ လူမှုရေး၊ လူမျိုးဘာသာ၊ သာသနာ အသက်အရွယ်၊ ကျား၊မ 'နှင့် နိုင်ငံရေးအသင်းအဖွဲ့တို့အပေါ်မူတည်ပြီးအလုပ်အမျိုးအစားရွေးလုပ်ခြင်း၊နေရာရွေးပြီးလုပ်ခြင်းတို့ကို လုံးဝခွင့်မပြုပါ။ အလုပ်သမားတို့အပေါ်တွင်လည်း အိမ်ထောင်ဖက်ရွေးချယ်မှု၊ဘာသာသာသနာရွေးချယ်မှု၊ နိုင်ငံရေးအဖွဲ့အစည်းတို့နှင့်ဆက်သွယ်မှု၊ အလုပ်သမားအစည်းအရုံးတို့နှင့်ဆက်သွယ်မှုတို့အား ပိတ်ပင်မျိုးလုံးဝမရှိစေရပါ။

၄။ အလုပ်သမားတို့၏ လုပ်အားခငွေရှင်းပေးသည့်အခါတွင်လည်းနယ်မြေအလိုက်သတ်မှတ်ထားသည့် အသပြာငွေကြေးထက် မနည်းအောင်ရှင်းပေးသွားမည်ဖြစ်ပြီး အစိုးရ၏သတ်မှတ်ထားသော စရိတ်မှလွဲ၍အလုပ်သမားတို့၏လစာငွေမှ ဖြတ်တောက်ခြင်းမျိုးလုံးဝမရှိစေရပါ။

၅။BSCI ၏နည်းစနစ်အရအလုပ်သမားတို့၏ အလုပ်လုပ်ရမည့်သတ်မှတ်သောအချိန်၊နာရီနှင့်အချိန်ပိုလုပ်ရသောအချိန်များအား သေချာစွာ စစ်ဆေးမှတ်သားပေးမည်ဖြစ်ပါသည်။

၆။လုပ်ငန်းခွင်အတွင်း ထိခိုက်အန္တရာယ်ဖြစ်ပွါးမှုများမရှိစေရန် ပညာပေးဟောပြောပွဲများကို သင်ကြားပြသပြု
လုပ်ပေးခြင်း၊အန္တရာယ်မဖြစ်စေနိုင်ရန်ကာကွယ်တားဆီးမှု၊ အန္တရာယ်ကာကွယ်ရေးပစ္စည်းများ  ဝတ်ဆင်မှုတို့ကို
သင်ကြားပြသမှုများ ပြုလုပ်ပေးသွားမည်ဖြစ်ပါသည်။

၇။ အလုပ်သမားရေးရာမှ  သတ်မှတ်ထားသော အရွယ်မရောက်သေးသည့်ကလေးငယ်များ  အသက်(၁၅)နှစ်
မပြည့်သောကလေးငယ်များအား  အလုပ်ပေးလုပ်ခြင်း လုံးဝမရှိစေရပါ။

၈။ အလုပ်သမားတို့၏အလုပ်ဝင်ကြေး၊ စာရွက်စာတမ်းကြေးများကို  သတ်မှတ်ထားသောစာရွက်စာတမ်းဖိုးထက်
ပိုမို၍  တောင်းဆိုမှု လုံးဝမရှိစေရပါ။

၉။ ပတ်ဝန်းကျင်အားထိခိုက်အန္တရာယ်ပေးနိုင်သော စွန့်ပစ်ပစ္စည်းများဖြစ်သော ရေပုပ်ရေသိုးများနှင့်အနံ့အသက်
ရှိသောပစ္စည်းများ၊ ဓာတုပစ္စည်းများအားလည်း  သတ်မှတ်ထားသောစွန့်ပစ်နည်းစနစ်အဆင့်ဆင့်ကို ပြုလုပ်ပြီးမှ
စွန့်ပစ်ခြင်းတို့ကို အထူးဂရုတစိုက်ပြုလုပ်မည်။

၁၀။ မည်သည့်အကြောင်းကြောင့်ဖြစ်စေ ဤ ကုမ္ပဏီမှ ဝန်းထမ်းများသည် လာဘ်ပေးလာဘ်ယူမှုနှင့် အခကြေး
ငွေယူပြီး လုပ်ငန်းခွင်အတွင်းသက်သာသောအလုပ်ကို ပေးလုပ်စေခြင်းမျိုး လုံးဝခွင့်မပြု။

အားလုံးသိရှိနိုင်ရန်

ဖေဖော်ဝါရီလ ၁ ရက် ၂၅၁၄